# ဆိုက်ရောက်ဗီဇာ

## ခွင့်ပြုမည့် ဗီဇာအမျိုးအစားများ၊ အခကြေးငွေနှင့်ခွင့်ပြုကာလ

| **ဗီဇာအမျိုးအစား** | **အခကြေးငွေ** | **ခွင့်ပြုကာလ** |
|---|---|---|
| လုပ်ငန်းဗီဇာ | US$ ၅၀ | ၇၀ ရက် |
| ပြည်ဝင်ဗီဇာ | US$ ၄၀ | ၂၈ ရက် |
| (အစည်းအဝေး/အလုပ်ရုံဆွေးနွေးပွဲ/ တွေ့ဆုံမှု) | | |
| ဖြတ်သန်းဗီဇာ | US$ ၂၀ | ၂၄ နာရီ |
| ယာဉ်အမှုထမ်းဗီဇာ | US$ ၄၀ | ၂၈ ရက် |

## ခွင့်ပြုမည့် အပြည်ပြည်ဆိုင်ရာလေဆိပ်

- ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်
- မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်
- နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်

## ဆိုက်ရောက်ဗီဇာခွင့်ပြုမည့်နိုင်ငံများ

| | | | | | |
|---|---|---|---|---|---|
| သြစတြေးလျ | ပြင်သစ် | ဂျပန် | နော်ဝေ | ဆွစ်ဇာလန် | ဗီယက်နမ် |
| ဘရူနိုင်း | ဂျာမနီ | ကိုရီးယား | ဖိလစ်ပိုင် | တောင်အာဖရိက | နီပေါ |
| ကမ္ဘောဒီးယား | အိန္ဒိယ | လာအို | စင်ကာပူ | ထိုင်း | ခရိုအေးရှား |
| တရုတ် | အင်ဒိုနီးရှား | မလေးရှား | စပိန် | ဗြိတိန် | ရုရှား |
| ဒိန်းမတ် | အီတလီ | နယူးဇီလန် | ဆွီဒင် | အမေရိကန် | ဘရာဇီးလ် |
| သြစတြီးယား | ချက်သမ္မတနိုင်ငံ | အိုင်ယာလန် | မော်လ်တာ | စလိုဗက်ကီးယား | |
| ဘယ်ဂျီယံ | အက်စ်တိုးနီးယား | အစ္စရေး | နယ်သာလန် | စလိုဗေးနီးယား | |
| ဘူလ်ဂေးရီးယား | ဖင်လန် | လက်ဗီးယား | ပိုလန် | | |
| ကနေဒါ | ဂရိစ် | လစ်သူရေးနီးယား | ပေါ်တူဂီ | | |
| ဆိုက်ပရက်စ် | ဟန်ဂေရီ | လူဇင်ဘတ် | ရိုမေးနီးယား | | |

**အထက်ဖော်ပြပါနိုင်ငံများနှင့် ထိုင်ဝမ်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအနေဖြင့် ဆိုက်ရောက်ဗီဇာလျှောက်ထားနိုင်ပါသည်။**

**ဆိုက်ရောက်ဗီဇာ (Visa On Arrival) အတွက် လိုက်နာရမည့် စည်းကမ်းများ**

၁။ သက်ဆိုင်ရာနိုင်ငံမှ ထုတ်ပေးထားသည့် တရားဝင်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ ဖြစ်ရမည်၊ Passport သက်တမ်းသည် ရောက်ရှိသည့်နေ့၏ နောက်ပိုင်း အနည်းဆုံး (၆) လ သက်တမ်း ကျန်ရှိရမည်။

၂။ လွန်ခဲ့သည့် (၆) လအတွင်းကရိုက်ကူးထားသည့် (၄ စင်တီမီတာx ၆ စင်တီမီတာ) ရှိ ရောင်စုံဓါတ်ပုံ (၂) ပုံ အသင့်ယူဆောင်လာရမည်။

၃။ လုပ်ငန်းဗီဇာဖြင့် ကနဦးဝင်ရောက်မည့်သူများဖြစ်ပါက လျှောက်လွှာနှင့်အတူ တာဝန်ခံ ခေါ်ဆောင်သူ ကုမ္ပဏီ၏ ဖိတ်ခေါ်စာပါရှိရမည်။ (ထပ်တိုးနေထိုင်ခွင့်မပြု)

၄။ မြန်မာနိုင်ငံအတွင်း လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါက လျှောက်လွှာနှင့်အတူ လုပ်ငန်း လုပ်ကိုင်နေသည့် ကုမ္ပဏီ မှတ်ပုံတင်/ လုပ်ငန်းလိုင်စင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ထုတ်ပေးသော လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကြောင်း အထောက်အထား မိတ္တူ ပူးတွဲ တင်ပြရမည်။

၅။ မြန်မာနိုင်ငံအတွင်း လုပ်ငန်းဗီဇာဖြင့် လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါက အလုပ်လုပ်ကိုင်သည့် စက်ရုံအမည်၊ တည်နေရာ၊ တာဝန်ခံခေါ်ဆောင်သူ၊ လုပ်ကိုင်သည့် ရာထူး စသည်တို့ကို ပြည့်စုံစွာ ဖော်ပြလျှောက်ထားရမည်။

၆။ မြန်မာနိုင်ငံအတွင်း လုပ်ငန်းဗီဇာဖြင့် လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါက နေခွင့်သက်တမ်း တိုးမြှင့်လျှောက်ထားလိုလျှင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်ဖြင့် တည်ဆဲ လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားနိုင်ပါသည်။

၇။ ပြည်ဝင်ဗီဇာဖြင့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများ၊ အခမ်းအနား တက်ရောက်မည့်သူများဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖိတ်ကြားစာ ပူးတွဲ တင်ပြရမည်။

၈။ လျှောက်လွှာတွင်ဖော်ပြထားသော လုပ်ငန်းမှအပ အခြားမည်သည့်လုပ်ငန်းကိုမဆို အခဖြင့် ဖြစ်စေ၊ အခမဲ့ဖြစ်စေ လုပ်ကိုင်ခြင်းမပြုရ။

၉။ ဖြတ်သန်းဗီဇာလျှောက်ထားသူသည် ခရီးလမ်းဆုံးနိုင်ငံသို့ သွားရောက်မည့် လေယာဉ် လက်မှတ် ပူးတွဲတင်ပြရမည်။

၁၀။ မြန်မာနိုင်ငံအစိုးရအဖွဲ့မှ တရားဝင်အသိအမှတ်ပြု လိုင်စင်ထုတ်ပေးထားသည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ တရားဝင်ခွင့်ပြုထားသည့် စက်ရုံအလုပ်ရုံများ၊ နေအိမ် အဆောက် အဦများတွင် နေထိုင်ရမည်။ တည်းခိုမည့် လိပ်စာကို အတိအကျ ဖော်ပြရမည်။

၁၁။ မြန်မာနိုင်ငံအစိုးရအဖွဲ့၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်အားလုံးကို တိကျစွာလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုရမည်။

၁၂။ မိဘ၏ နိုင်ငံကူးလက်မှတ်၌ ပူးတွဲပါရှိသော အသက် (၇) နှစ်အောက် ကလေးများကို အခမဲ့ ပြည်ဝင်ခွင့်ပြုမည်။ သီးခြားနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ အသက် (၇) နှစ် အောက် ကလေးများ ခေါ်ဆောင်လာပါက သား/သမီးဖြစ်ကြောင်း အထောက်အထား တင်ပြနိုင်ရမည်။

၁၃။ ကန့်သတ်နယ်မြေများသို့ ကြိုတင်ခွင့်ပြုချက်မပါရှိဘဲ သွားရောက်ခြင်းမပြုရ။

၁၄။ မြန်မာနိုင်ငံအတွင်း ရောက်ရှိနေထိုင်စဉ် ညအိပ်ရပ်နားသည့် တည်းခိုရာ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ စက်ရုံ အလုပ်ရုံ၊ နေအိမ်၊ ရုံးခန်းလိပ်စာများအား သက်ဆိုင်ရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ သတင်းပို့ တင်ပြရမည်။

၁၅။ ပြည်ဝင်ခွင့်မပြုကြောင်း ဆုံးဖြတ်ခံရပါက မူလလိုက်ပါလာသည့် လေကြောင်းလိုင်း အစီအစဉ် ဖြင့် ထွက်ခွာလာသည့်နိုင်ငံသို့ ပြန်လည်ထွက်ခွာရမည်။

၁၆။ ပြည်ဝင်ခွင့်ပြုခြင်းကိစ္စနှင့်စပ်လျဉ်း၍ ဆိုက်ရောက်ဗီဇာ ခွင့်ပြုမှုစိစစ်ရေးအဖွဲ့၏ ဆုံးဖြတ် ချက်ကို လိုက်နာဆောင်ရွက်ရမည်။

၁၇။ ဆိုက်ရောက်ဗီဇာ (Visa On Arrival) လျှောက်လွှာပုံစံကို လေကြောင်းလိုင်းများတွင် လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၏ Website ဖြစ်သော www.mip.gov.mm တွင်လည်းကောင်း ထုတ်ယူ၍ ရန်ကုန်လေဆိပ် လူဝင်မှုကြီးကြပ်ရေး ဌာနစိတ်တွင် တင်ပြလျှောက်ထားနိုင်သည်။

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်

ဗီဇာဌာန
မြန်မာသံရုံး
စင်ကာပူမြို့။